# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို နံနက် ၁၂:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၂:၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၃၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၈၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၃-၂၀၁၅ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့တွင် ခွင့်ပန်ကြားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးအား ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်တယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၄၁ ဦးရှိပါတယ်ခင်ဗျား။ ယခင်ခွင့်ပန်ကြားသူ ၄၈ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများကတော့-

(၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၃) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ရက်၊

(၄) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၉ ရက်၊

(၅) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၇) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၈) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၉) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၁၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၁၁) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၁၂) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၁ ရက်၊

(၁၃) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၁၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၅) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၁၇) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၁၈) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၉) မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

(၂၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၂၁) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၂၂) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၂၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၂၇) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၂၈) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၁ ရက်၊

(၂၉) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၃၀) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၃၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၂) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၃၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၃၄) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၃၅) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၃၆) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၃၇) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၃၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၄၀) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်နှင့်

(၄၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အားကစားတက္ကသိုလ်ဖွင့်လှစ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်နှင့် မည်သည့်အချိန်ကာလတွင် စတင်ဖွင့်လှစ်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေနဲ့ အားကစားဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပ ပြီးတဲ့နောက် နေပြည်တော်မှာရှိတဲ့ အားကစားအဝန်းအဝိုင်းမှာ အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်ရန် လွှတ်တော်က ဆွေးနွေးအတည်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အားကစားအဖွဲ့ချုပ်များဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် အားကစားတက္ကသိုလ်မှာသင်ကြားမယ့် သင်ရိုးညွှန်းတမ်းများကို အားကစားနည်းများအလိုက် စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး ရေးသားပြုစုသင့်ကြောင်း ပညာရှင်များနှင့် ပြည်သူလူထုထံမှ လေ့လာကြားသိရပါတယ်။ တက္ကသိုလ်မှာသင်ကြားမယ့်သင်ရိုးညွှန်းတမ်းများဟာ နိုင်ငံတကာအဆင့်မီရန်လိုအပ်တဲ့အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ နှစ်ဘာသာနဲ့ ပြုစုသင့်ပါတယ်။ အားကစားတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ ပညာရှင်များကို အားကစားဘွဲ့၊ အားကစားမဟာဘွဲ့၊ အားကစားပါရဂူဘွဲ့များ အပ်နှင်းနိုင်တဲ့အဆင့်အထိ သုတေသနပြုနိုင်အောင် ရည်မှန်းထားသင့်ပြီး စာတွေ့၊ လက်တွေ့ကျွမ်းကျင်တတ်မြောက်တဲ့ပညာရှင်များကို အားကစားသမား စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်တဲ့အဖွဲ့အစည်းများမှာ အရာထမ်းများအဖြစ် တာဝန်ပေးနိုင်ရန်နှင့် Professional နေရာများမှာ ဆောင်ရွက်နိုင်တဲ့အဆင့်အထိ ရည်မှန်းထားသင့်ပါတယ်။ အားကစားသိပ္ပံများမှာ လူငယ်မျိုးဆက်သစ်အားကစားသမားများမွေးထုတ်ရေးကို ရည်မှန်းဆောင်ရွက်သင့်ပါတယ်။ မြန်မာ့ရိုးရာအားကစားကိုလည်း အခြားနိုင်ငံများက မသိမသာလွှမ်းမိုးမှုမခံရအောင် နိုင်ငံတကာအဆင့်မီတဲ့ စာအုပ်၊ စာတမ်း၊

မှတ်တမ်းအထောက်အထားများဖြင့်သာ ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပြီး ရိုးရာအားကစားနည်းကိုလက်တွေ့ကစားနည်းတစ်မျိုးတည်းနဲ့ပဲ ရေရှည်ထိန်းသိမ်းရန် မလွယ်ကူပါ။ မိမိနိုင်ငံရဲ့မူပိုင်အားကစားနည်းဖြစ်ကြောင်း ခေတ်ရေစီးကြောင်းနှင့်အညီ ဆန်းသစ်တီထွင်တဲ့ နည်းလမ်းများဖြင့်သာ ဖော်ထုတ်ထိန်းသိမ်းကာကွယ်နိုင်မှာဖြစ်ပါတယ်။ အားကစားဟာ စာတွေ့နဲ့လက်တွေ့ စည်းဝါးညီညွတ်စွာပေါင်းစည်းဆောင်ရွက်ရတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ ပြည်တွင်းဆရာများနှင့်မလုံလောက်ဘဲ ပြည်ပပညာရှင်များကိုပါခေါ်ပြီးတော့ သင်ကြားရေးလုပ်ငန်းကို မြှင့်တင်ရန် လိုအပ်မှာဖြစ်ပြီး အားကစားတက္ကသိုလ်များက ဆရာဆရာမများကို နိုင်ငံတကာအဆင့်မီ နိုင်ငံခြားအားကစားတက္ကသိုလ်များသို့ ပညာတော်သင်များစေလွှတ်ပြီး စာတွေ့၊ လက်တွေ့ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ပေးသင့်ပါတယ်။ ဒါ့ကြောင့် အားကစားတက္ကသိုလ်ဖွင့်လှစ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ။ အားကစားတက္ကသိုလ်ကို မည်သည့်အချိန်မှာ စတင်ဖွင့်လှစ်မလဲဆိုတာကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းမှ မြန်မာနိုင်ငံတွင် အားကစားတက္ကသိုလ်ဖွင့်လှစ်ရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်နှင့် မည်သည့်အချိန်ကာလတွင် စတင်ဖွင့်လှစ်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းတင်သွင်းလာခြင်းနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဒုတိယဝန်ကြီး ဦးသောင်းထိုက်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနအနေနဲ့ အားကစားတက္ကသိုလ်ဖွင့်လှစ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ငွေကျပ်သန်း ၁၂၀၀ ခွင့်ပြုရန်ပုံငွေပါရှိပါသဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်မှာ အားကစားတက္ကသိုလ်တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်း ရတနာပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒုတိယသမ္မတဦးညာဏ်ထွန်းတက်ရောက်ပြီး ပန္နက်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး

နှစ်မှာလည်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်သန်း ၃၅၀၀ ခွင့်ပြုရန်ပုံငွေတင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက တင်ဒါခေါ်ယူပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အားကစားတက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲပြုစုခြင်းနှင့် အားကစားလေ့ကျင့်ရေးပိုင်းဆိုင်ရာကိစ္စရပ်များကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အားကစားတက္ကသိုလ်အား စတင်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပေါက်မြို့နယ်အတွင်းရှိ 11 KV ဓာတ်အားလိုင်းနှင့် (၂)မိုင်ခန့်အကွာရှိသော ကျေးရွာပေါင်း(၄၀)ခန့်တို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်မီးလင်းပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ညို ပေါက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်မီးလင်းရေးနဲ့ပတ်သက်တဲ့မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းကဏ္ဍများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနေပါတယ်။ ထိုသို့ဆောင်ရွက်မှုများထဲတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစပြီး ပေါက်မြို့နယ်အတွင်းရှိ ချောင်းဦးဓာတ်အားခွဲစက်ရုံကြီးမှ ပေါက်မြို့သို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် လျှပ်စစ်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ပေးနေမှုများကိုလည်း ဒေသခံပြည်သူများမှ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ကို ကျေးဇူးတင်လျက်ရှိနေကြပါတယ်။ အထက်ပါကဲ့သို့ဆောင်ရွက်ပေးနေမှုများကြောင့် မကြာခင်ကာလအတွင်း ချောင်းဦးဓာတ်အားခွဲစက်ရုံမှတစ်ဆင့် ပေါက်မြို့ကို မီးပေးနိုင်တော့မှာဖြစ်ပါတယ်။ ထိုကဲ့သို့ ပေါက်မြို့အား လျှပ်စစ်မီးပေးပြီးနောက် ယခင်က ပေါက်မြို့နှင့်ကံမကျေးရွာအထိ ချိတ်ဆက်ထားသော 11 ကေဗွီ ဓာတ်အားလိုင်းအောက်ရှိကျေးရွာများနှင့် ယခုချိတ်ဆက်မည့် ချောင်းဦးကျေးရွာဓာတ်အားခွဲစက်ရုံမှ ပေါက်မြို့သို့ချိတ်ဆက်မည့် 11 ကေဗွီ ဓာတ်အားလိုင်းအောက်မှာ ၂ မိုင်ခန့်အကွာ ကျေးရွာပေါင်း ရွာ ၄၀ ခန့်ရှိပါတယ်။ အဆိုပါကျေးရွာများမှ နိုင်ငံတော်၏ပံ့ပိုးမှုနှင့် ၎င်းတို့၏ကြိုးစားမှုတို့ကို ပေါင်းစပ်ကာ

ယင်းတို့ကျေးရွာများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထဲတွင် လျှပ်စစ်မီးရရှိနိုင်လိမ့်မည်ဟု ယုံကြည်နေကြပါတယ်။ ဒါ့ကြောင့်လည်း ၎င်းကျေးရွာအများစုတို့က ယင်းတို့၏ကြိုးစားမှုဖြင့် ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့ကာ မီးလင်းရေးရန်ပုံငွေများအဖြစ် ကြိုးစားစုဆောင်းပြီး ပေါက်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် မိမိကျေးရွာအလိုက် ဘဏ်စာအုပ်များဖွင့်လှစ်ထားရှိ ဆောင်ရွက်နေကြပါတယ်။ ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လျှပ်စစ်ဝန်ကြီးဌာနတို့မှ မြို့ရွာ၊ တောပါမကျန် လျှပ်စစ်မီးပေးနိုင်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ပေါက်မြို့နယ်အတွင်းရှိ ဖော်ပြပါကျေးရွာလေးရွာတို့မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်တွင် ၎င်းတို့၏ကျေးရွာများ မီးလင်းလိမ့်မည်ဟုလည်း မျှော်လင့်နေကြပါတယ်။ အဆိုပါကိစ္စအပေါ် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအဖွဲ့ အစည်းများမှလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြထားသည်ဟု သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပေါက်မြို့နယ်အတွင်း ဒေသခံပြည်သူများမျှော်လင့်နေသည့် 11 ကေဗွီဓာတ်အားလိုင်းနှင့် ၂ မိုင်ခန့်အကွာရှိသော ကျေးရွာပေါင်း ၄၀ ခန့်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးလင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့် ကာလတွင်စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင့်ဖြစ်သည်ကိုသိလို၍ ဖြေကြားပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ မေးခွန်းအပေါ်မှာ တင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် ပေါက်မြို့ သရက်တောကျေးရွာအနီးမှာ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတိုးချဲ့တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေခွင့်ပြုနိုင်မှုအခြေအနေအရ လုပ်ငန်းစတင်ရုံသာဆောင်ရွက်နိုင်ခဲ့ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ ဓာတ်အားခွဲရုံ ၁၀၀ ရာခိုင်နှုန်းပြီးစီးဖို့ဆောင်ရွက်ရန် ရန်ပုံငွေများထည့်သွင်းလျာထားတောင်းခံထားပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက ပေါက်မြို့နယ်အတွင်း ၁၁ ကေဗွီအေ ဓာတ်အားလိုင်းများနှင့် ၂ မိုင်အတွင်း ကွာဝေးသောကျေးရွာများကို ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစတင်ပြီး ၁၁ ကေဗွီဗို့အားအဆင့် ဓာတ်အားလိုင်းများ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာခွဲရုံငယ်များနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများအတွက် အသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်တဲ့ ကုန်ကျစရိတ်ရန်ပုံငွေကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် ရန်ပုံငွေတောင်းခံပြီးဆောင်ရွက်၍ပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ကျေးရွာများဟာ ၁၁ ကေဗွီလိုင်းနှင့် ၂ မိုင်ခန့်ကွာဝေးတဲ့ ကျေးရွာ ၃၆ ရွာဖြစ်ပြီးတော့ ၎င်းကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေခွင့်ပြုနိုင်မှုအခြေအနေအရ ထည့်သွင်းလျာထားရန် အခက်အခဲရှိ၍ကျန်ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဖော်ပြပါ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက လိုအပ်တဲ့ ကျေးရွာမီးလင်းရေးဆိုင်ရာလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဘတ်ဂျက်ရန်ပုံငွေမှာ လာမယ့်ဘဏ္ဍာရေးနှစ်များမှစပြီး ထည့်သွင်းလျာထား၍ ရန်ပုံငွေခွင့်ပြုနိုင်မှုရရှိမှုအခြေအနေအရ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

**မိုးညိုမြို့နယ်၊ မြို့ပေါ်(၅)ရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားစနစ်ကောင်းမွန်စေရန် ရန်ပုံငွေတောင်းခံခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးနန်းဦး၊ မိုးညိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနန်းဦး(မိုးညိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦး ဖြစ်ပါတယ်။ မိုးညိုမြို့နယ်မှာ မြို့ပေါ် (၅) ရပ်ကွက်ရှိပြီး လက်ရှိသုံးစွဲလျက်ရှိတဲ့ မီးတိုင်များ၊ လိုင်းကြိုးများဟာ ကျွန်တော်တို့ ပထမမြို့၊ ဒုတိယမြို့မှ ပြောင်းရွှေ့အသုံးပြုနေရတဲ့ သံတိုင်များ၊ ကြိုးများ ဖြစ်ပါတယ်။ ယခုအခါ အဆိုပါသံတိုင်များမှာ အောက်ခြေများ ဆွေးမြေ့နေပါ၍ ကျောက်များ လောင်းချဆောင်ရွက်ရခြင်း၊ အပေါ်ပိုင်းများ

မူကြမ်း

ပျက်သည့်နေရာများမှာ သစ်သားချောင်းများ အစားထိုးရခြင်း၊ အချို့လမ်းမကြီး၊ လမ်းသွယ်များမှာ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားရှိမှုမရှိခြင်း၊ အိမ်သုံးမီတာများကို Service ကြိုး ရှည်လျားစွာ သွယ်တန်းသုံးစွဲရခြင်းများ ဖြစ်ပေါ်နေပါတယ်။ ယခုအခါမှာ တချို့လမ်းသွယ်များမှာ ကိုယ်ထူကိုယ်ထ စနစ်နဲ့ တိုင်များကြိုးများ တပ်ဆင်အသုံးပြုလျက်ရှိပြီး တချို့လမ်းမကြီးများတွင်လည်း နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ မိုးညှိမြို့ပေါ်အနေနဲ့ မြို့ပေါ် (၅) ရပ်ကွက်မှာ ၄၀၀ ဗို့အားလိုင်း ၄၃၉ ခန်း၊ အရှည်ပေပေါင်း ၅၁၄၄၀ ပေ တိုးချဲ့တည်ဆောက်ခြင်း၊ လိုအပ်မည့်နေရာများမှာ ထရန်စဖော်မာများ တပ်ဆင်ပေးခြင်းလုပ်ငန်းများ လိုအပ်လျက်ရှိပါတယ်။ ၎င်းကိစ္စနှင့်ပတ်သက်၍လည်းပဲ ကျွန်တော်တို့ ၂၀-၁၂-၂၀၁၄ ရက်နေ့မှာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တွေ့ဆုံပွဲမှာ ကျွန်တော်တို့ မြို့နယ် အထောက်အကူဥက္ကဋ္ဌ ဦးဌေးမြင့်မှ တင်ပြတဲ့အခါမှာလည်းပဲ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ကျွမ်းကျင်ပညာ ရှင်များစေလွှတ်၍ စိစစ်ဆောင်ရွက်ပေးသွားမည်ဟုလည်း သိရှိရပါတယ်။ သို့ပါ၍ ကျွန်တော်တို့ မိုးညှိမြို့နယ် မြို့ပေါ်(၅)ရပ်ကွက် ဓာတ်အားစနစ်ကောင်းမွန်စေရန် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ချထားပေးရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေ။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနန်းဦးမှ မေးမြန်းသည့် မေးခွန်းအပေါ်မှာ တင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ မိုးညို မြို့ပေါ်မှာ ရပ်ကွက် (၅)ရပ်ကွက်ရှိပြီး ဓာတ်အားလိုင်း ကြိုးအသေးများကို ကြိုးအကြီးဖြင့်လဲလှယ်ရန် ၆.၄၂ မိုင်နှင့် ဆွေးမြေ့နေတဲ့သံတိုင် ၁၃၃ တိုင်၊ သစ်သားတိုင် ၁၆၃ တိုင်ကို ၉ မီတာ ကွန်ကရစ်တိုင် များဖြင့်လဲလှယ်ရန် လိုအပ်နေပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ မိုးညိုမြို့ပေါ်မှာရှိတဲ့ရပ်ကွက်များ ဓာတ်အားစနစ်ကောင်းမွန်စေရေးအတွက် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ထည့်သွင်းလျာထားပြီးပါတယ်။

(က) သခင်လှရှိန်ရပ်ကွက် နီလာလမ်း၊ ပတ္တမြားလမ်း၊ ပုလဲသွယ်လမ်း၊ မဟူရာလမ်း၊ အလောင်းဘုရားလမ်းများ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၅၀၀ ပေနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတည်ဆောက်ခြင်း၊ (ခ) မြို့မရပ်ကွက် အင်ကြင်းမြိုင်လမ်း၊ ပျဉ်းမမြိုင်လမ်း၊ ထင်းရှူးမြိုင်လမ်း၊ ယင်းမာမြိုင်လမ်းနှင့် ရွှေမကျီးပင်လမ်းများ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၅၀ ပေနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတည်ဆောက်ခြင်း၊ (ဂ) ဇောတိကရပ်ကွက်၊ ဈေးချိုလမ်း၊ ပန်းမဥ္စူလမ်း၊ အလောင်းဘုရားလမ်း၊ ပန်းသပြေလမ်း၊ ပန်းစံပယ်လမ်းနှင့် ဗိုလ်နေဝင်းလမ်းများ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၂၀၀ ပေနှင့် ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း၊ (ဃ) ရွှေပြည်သာရပ်ကွက် အောင်စကြာလမ်း၊ အောင်မြေသာလမ်း၊ အောင်ချမ်းသာလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် အောင်ကျော်ဇေယျလမ်းများ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၂၀၀ ပေနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတည်ဆောက်ခြင်း လုပ်ငန်းများကို ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ကျန်ရှိသောလုပ်ငန်းများဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ ခွင့်ပြုနိုင်သော ရန်ပုံငွေအခြေအနေကြောင့် ကျန်ရှိခဲ့ရခြင်းဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များမှာ ဓာတ်အားဖြန့်ဖြူးပေးထားတဲ့ ဓာတ်အားစနစ်အတွင်းမှာ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးတော့ နှစ်အလိုက် တိုးချဲ့ခြင်း၊ အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ထရန်စဖော်မာငယ်များနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ အသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လိုအပ်တဲ့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ မိုးညိုမြို့နယ်၊ မြို့ပေါ် (၅)ရပ်ကွက် ဓာတ်အားပေးစနစ် ကောင်းမွန်စေရေးအတွက် အထက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လိုအပ်တဲ့ ကျန်ရှိနေတဲ့လုပ်အားများကိုတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လာမယ့်နှစ်ဘဏ္ဍာနှစ်များမှာ ထည့်သွင်းတောင်းခံပြီးတော့မှ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်မွမ်းမံခြင်းကိစ္စနှင့်စပ်လျဉ်းပြီး မည်သည့်ပုဂ္ဂိုလ်များနှင့် မည်သို့ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ (ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကြီးကို ပြုပြင်မွမ်းမံပြီး အဆင့်မီတက္ကသိုလ်ဖြစ်မြောက်ရေးနှင့် ရန်ကုန်ဆေးရုံကြီးကို ပြုပြင်မွမ်းမံပြီး အဆင့်မြင့်ဆေးရုံကြီး တစ်ခုဖြစ်မြောက်အောင် ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး မေးခွန်းတစ်ခုတည်း မေးခဲ့ပါတယ်။ သို့သော် ဝန်ကြီးဌာနနှစ်ခုဖြစ်လို့ နှစ်ကြိမ်ခွဲပြီး လာရောက်ဖြေဆိုတာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကတော့ လက်ရှိဆောင်ရွက်နေမှုအားလုံးကို ပညာရေးဝန်ကြီးဌာနအစီအစဉ်နှင့် ပညာရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာငွေအသုံးစရိတ်နဲ့ ဆောင်ရွက်နေကြောင်း ဖြေဆိုခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာ ပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့မှာ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က အများပြည်သူမှီခိုအားထားရသော ရန်ကုန်ဆေးရုံကြီးအား ပြုပြင်မွမ်းမံပြီး အဆင့်မြင့်ဆေးရုံကြီးတစ်ခုဖြစ်မြောက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ရေးရာကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖွဲ့စည်းပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆို တင်သွင်းခဲ့ပါတယ်။ အဲဒီလိုဖွဲ့စည်းဆောင်ရွက်ရင် အခုတောင်မှ ပံ့ပိုးမယ်ဆိုပြီးတော့ ကတိကဝတ်ခံထားပြီးသားအဖွဲ့အစည်းများ၊ တိုင်းပြည်များ၊ ပုဂ္ဂိုလ်များလည်း ရှိပါတယ်လို့ ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် ဒီအဆိုကအောင်မြင်ခဲ့ပြီးဖြစ်ပါတယ်။ အခုဆိုရင် ဒီအဆို အောင်မြင်ပြီး ကော်မတီတွေဖွဲ့စည်းဆောင်ရွက်နေတာ နှစ်နှစ်ကျော်သွားပြီ ဖြစ်ပါတယ်။

သို့ပါ၍ အောက်ပါမေးခွန်းများအား ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (၁) ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်မွမ်းမံဖို့အတွက် ကူညီမယ်လို့ ကတိကဝတ်ခံထားတဲ့အဖွဲ့အစည်းများ၊ တိုင်းပြည်များ၊ ပုဂ္ဂိုလ်များက ဘယ်သူတွေလဲ။ ယခုအထိ ဘယ်လောက်ဝိုင်းပြီးကူညီနေကြလဲဆိုတာ သိချင်ပါတယ်။ (၂) ယခု လက်ရှိအချိန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြုပြင်မွမ်းမံတည်ဆောက်နေတာ တွေ့ရပါတယ်။ ဘယ်အဖွဲ့အစည်းရဲ့ ကူညီပံ့ပိုးမှုနဲ့ ဆောင်ရွက်နေတာလဲဆိုတာသိချင်ပါတယ်။ (၃) နိုင်ငံတော်ပိုင်ပစ္စည်းကို ပြုပြင်ရမှာဖြစ်တဲ့အတွက် ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နိုင်ငံတကာ ကူညီထောက်ပံ့ငွေများရရှိခဲ့ရင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ မည်သို့ညှိနှိုင်းဆောင်ရွက်သွားမည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၈-၅-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၄)ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြင်ဆင်မွမ်းမံရန်နဲ့ နိုင်ငံတော်၏ခွင့်ပြုဘဏ္ဍာငွေဖြင့် အချိန်မီဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်ရှစ်ဦးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ၎င်းအပြင် နိုင်ငံတော်သမ္မတရုံးမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီကို အထောက်အကူပြုနိုင်ရန်နဲ့ အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများဖြစ်တဲ့ ဒီဇိုင်းနည်းပညာဆပ်ကော်မတီ၊ တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုဆပ်ကော်မတီ၊ ပြုပြင်ဆဲကာလစီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆပ်ကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ ရန်ပုံငွေနဲ့ဆောင်ရွက်နေတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံခြင်းနဲ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အရည်အချင်းပြည့်မီစွာ ပြီးစီးရေးအတွက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတက အနီးကပ်လမ်းညွှန်မှုပြုလုပ်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ကော်မတီသည် ဆပ်ကော်မတီများနဲ့ နှစ်ပတ်တစ်ကြိမ် အစည်းအဝေးများပြုလုပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စသည့် ဌာနကြီးများဖြင့် ပူးပေါင်းကူညီမှုများဖြင့် တိုးချဲ့မွမ်းမံပြင်ဆင်သည့်လုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာ ပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်မွမ်းမံပြင်ဆင်ရာမှာ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးနိုင်ရန်အတွက် ပြင်ပြင်မွမ်းမံရေးနဲ့ အဆင့်မြှင့်တင်ရေးအဖွဲ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားပြီး စုစုပေါင်းအဖွဲ့ဝင် ၁၂ ဦးပါသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနဲ့ အဆင့်မြှင့်တင်ရေးအဖွဲ့အားလည်း ဖွဲ့စည်းထားပါတယ်။ ၎င်းအဖွဲ့ရဲ့ ဆက်သွယ်ပံ့ပိုးမှုဖြင့် အင်္ဂလန်နိုင်ငံမှ ကျန်းမာရေးဝန်ကြီးဟောင်း Mr. Lord Darzi ၊ အင်္ဂလန်နိုင်ငံမှ Rangoon Universal Reinvigoration Fund ၏ Trustee Dr. Michael Marett ၊ UK နိုင်ငံမှ Robin Cross, Ian Goodfellow, Louise Hansen စတဲ့ နည်းပညာအကူအညီများ လာရောက်ပေးလျက်ရှိပြီး Yangon Heritage Trust၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဆောက်လုပ်ရေးကုမ္ပဏီ Myanmar Integrated Enginner Group အဖွဲ့နဲ့ Quality Control အဖွဲ့ဖြစ်တဲ့ Nikki Group တို့နဲ့ ပူးပေါင်းလျက် အဆင့်မြင့်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ၎င်းအဖွဲ့အား နောက်ထပ် ခြောက်လဆက်လက်ပြီး ကူညီပေးနိုင်ရေးအတွက်လည်း Article 25 အရ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ၎င်းအဖွဲ့အနေဖြင့် ဆေးရုံကြီးများ၏ ဝန်ထမ်းများအရည်အသွေးပြည့်မီရေးအတွက် ပညာတော်သင်များပို့နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်တွင်လည်း တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အင်္ဂလန်နိုင်ငံမှ ကျန်းမာရေးဝန်ကြီးဟောင်းတို့ ၇-၁၀-၂၀၁၃ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးပြီး ပထမအဆင့်ဆောင်ရွက်ရန်လုပ်ငန်းများအား ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ရန်နှင့် ပင်မဆောင်ပြုပြင်ရန်အတွက် Technical and Financial အကူအညီရရှိရေးကိစ္စရပ်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနဲ့ အဆင့်မြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်ရန် သဘောတူညီချက်ရပြီး ၎င်းအတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်ရေးနဲ့ ပြုပြင်မွမ်းမံရေးကော်မတီနဲ့

၇-၁၀-၂၀၁၃၊ ၁၁-၃-၂၀၁၄၊ ၁၀-၆-၂၀၁၄၊ ၁၅-၁၀-၂၀၁၄ ရက်တွေမှာ နေပြည်တော်ပြည်သူ့လွှတ်တော်၌ တွေ့ဆုံဆွေးနွေးခြင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၅-၄-၂၀၁၄ ရက်နေ့တွင် အင်္ဂလန်နိုင်ငံမှ Trustee ဖြစ်သူနှင့်တွေ့ဆုံခြင်း၊ ဆေးရုံကြီးပြန်လည်ပြုပြင်မွမ်းမံရန် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးမည့် UK နိုင်ငံမှ ကိုယ်စားလှယ်များ၊ Yangon Heritage Trust မြန်မာနိုင်ငံမှ အင်ဂျင်နီယာ အသင်း၊ ဆောက်လုပ်ရေးကော်မတီ၊ Quality Control အဖွဲ့ Nikki Group တို့နှင့်အတူ စစ်ဆေး ကြည့်ရှုခြင်း၊ အင်္ဂလန်နိုင်ငံမှ Dr. Michael Marrett-Crosby နဲ့ ဆေးရုံအုပ်ကြီးတို့သည် ၁၀-၁၂-၂၀၁၄ ရက်နေ့တွင် ဆေးရုံကြီးတွင်တွေ့ဆုံခဲ့ပြီး လုပ်ငန်းများအကြံပြုနိုင်ရန် လေ့လာကြည့်ရှုဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံခြင်းနဲ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်မှ ခွင့်ပြုငွေ ငွေလုံးငွေရင်း သန်း ၅၀၀၀ ခွဲဝေချထားခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်မှ ခွင့်ပြုငွေဘဏ္ဍာငွေ ငွေလုံးငွေရင်း သန်း ၄၅၀၀ ခွဲဝေချထားခဲ့ပါတယ်။ လုပ်ငန်းများဆောင်ရွက်နိုင် ရန်အတွက် နိုင်ငံပိုင်သတင်းစာမှ အိတ်ဖွင့်တင်ဒါခေါ်ယူပြီး လုပ်ထုံးလုပ်နည်းများအတိုင်း တင်ဒါစိစစ်ရေးအဖွဲ့၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့တို့ကို ရန်ကုန်တိုင်းဒေသကြီးအဖွဲ့ဝန်ကြီးချုပ်၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်း၍ စနစ်တကျရွေးချယ်ခဲ့ပါတယ်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအတိုင်း စာချုပ်ချုပ်ဆို၍ စာချုပ်ပါအတိုင်း ငွေပေးချေရေးကိစ္စများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ သန်း ၄၅၀၀ အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သောလုပ်ငန်းများအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းနှစ်ခုနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ငါးထပ်ဆောင် ဖြည့်စွက်လုပ်ငန်းများနှင့် Oxygen Plant ထားရှိရန် အဆောက်အဦနှစ်လုံးတည်ဆောက်ခြင်း၊ ဆေးဂိုဒေါင် သုံးထပ်အဆောက်အဦ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ လုပ်ကိုင်ရရှိသည့် တင်ဒါရွေးချယ်ခံရသော MIGE ကုမ္ပဏီ၊ Consultant အဖြစ်ဆောင်ရွက်သည့် Myanmar Heritage Trust, Quality Control အဖြစ် လုပ်ငန်းဆောင်ရွက်သည့် Nikki Group တို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၅-၃-၂၀၁၅ ရက်နေ့အထိ တိုးချဲ့ငါးထပ်ဆောင်ဆောက်လုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ Cyclotron PET/CT ဆောက်လုပ်ခြင်းမှာ ၉၇ ရာခိုင်နှုန်း၊ အရေးပေါ်နှင့် ပြင်ပလူနာပြုပြင်ခြင်းမှာ ၉၅ ရာခိုင်နှုန်း၊

ပင်မဆောင်မွမ်းမံပြင်ဆင်ခြင်းမှာ ၄၇ ရာခိုင်နှုန်း၊ Oxygen Plant ထားရှိရန်အတွက် အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း၊ ဆေးစတိုတည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း၊ 1000 KVA Transformar တပ်ဆင်ခြင်းနှင့် အဆောက်အဦဆောက်လုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ စာသင်ခန်းမပြုပြင်ခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသည့် ပင်မဆောင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းမှာ ယခု ၂၀၁၅-၂၀၁၆ ဘတ်ဂျက်အတွက် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးတိုက်နယ်ဆေးရုံအား ခုတင် ၁၆ လုံးမှ ၂၅ လုံးအဆင့်သို့ တိုးချဲ့ဆောက်လုပ်ပေးရန် လိုအပ်သော ဝန်ထမ်းများခန့်ထားပေးရန်၊ ဆရာဝန်နှင့် အခြားအဆင့်ဝန်ထမ်းများနေထိုင်ရန်ဝန်ထမ်းအိမ်ရာများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်၊ မူးရစ်ကလေးတိုက်နယ်ဆေးရုံ၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးရန် ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးခင်ဗျား။ ယခုကျွန်တော်တင်ပြမယ့် တိုက်နယ်ဆေးရုံရဲ့ အမည်မှန်ကတော့ မုရစ်ကလေးတိုက်နယ်ဆေးရုံလို့ ခေါ်ပါတယ်။ မူးရစ်ကလေးတိုက်နယ်ဆေးရုံရယ်လို့ သတ်ပုံမှားယွင်းပြီး ကျွန်တော်ရေးသားမိပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ မူးရစ်ကလေးတိုက်နယ်ဆေးရုံအမည်အစား မုရစ်ကလေးတိုက်နယ်ဆေးရုံဟုသာ အမှန်အတိုင်းခေါ်ဆိုပေးနိုင်ပါရန် ရိုသေစွာ တောင်းပန်ပြီး ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ်ရှိ မုရစ်ကလေးတိုက်နယ်ဆေးရုံသည် ခုတင် ၁၆ လုံးစာ ဆေးရုံဖြစ်၍ ၁၉၇၃ ခုနှစ်တွင် စတင်တည်ဆောက်ထားရှိပြီး ဧရိယာအကျယ်အဝန်းမှာ ၂.၇၈ ဧကရှိပါသည်။ ၎င်းဆေးရုံသည် မုရစ်ကလေးကျေးရွာနှင့် ၎င်းပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၉ ရွာမှ လူဦးရေ ၃၀၀၀၀ ကျော်ခန့်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကို နေ့စဉ်ထမ်းဆောင်နေရသော ဆေးရုံတစ်ရုံဖြစ်ပါသည်။ ဆေးကုသမှုခံယူရန် လာ

ရောက်ကြသည့် လူနာများပြားသဖြင့် လက်ရှိခုတင် ၁၆ လုံးဖြင့် မလုံလောက်ပါ၍ ခုတင် ၂၅ လုံးဖြင့် ယာယီတိုးချဲ့ပြီး ဆေးကုသမှုပြုလုပ်ရသောကာလများတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါကြောင်း သိရှိရပါသည်။

သို့ပါ၍ မုရစ်ကလေးတိုက်နယ်ဆေးရုံအား ခုတင် ၁၆ လုံးမှ ခုတင် ၂၅ လုံးအဆင့်သို့ တိုးချဲ့ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။ ဆေးရုံ၏ ဝန်ထမ်းအင်အားအခြေအနေမှာ မူလခွင့်ပြုဦးရေ ၅ ဦးမျှသာရှိပြီး ထပ်မံခန့်ထားရန်ဦးရေမှာ ၁၂ ဦးဖြစ်သဖြင့် စုစုပေါင်း ၁၇ ဦးခန့်ထားရန် ဖြစ်သော်လည်း လက်ရှိဝန်ထမ်းဦးရေမှာ ၈ ဦးမျှသာရှိပြီး နောက်ထပ်ဝန်ထမ်း ၉ ဦးခန့်ထားရန် လိုအပ်လျက်ရှိပါကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ခန့်ထားရန်လိုအပ်သောဝန်ထမ်း ၉ ဦးအား ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။ ဝန်ထမ်းများ၏ နေရေးထိုင်ရေးကိစ္စတွင် တိုက်နယ်တာဝန်ခံဆရာဝန်အတွက် နေထိုင်ရန်အိမ်ရှိသော်လည်း လက်ထောက်ဆရာဝန်နေထိုင်ရန် နေအိမ်မရှိသေး၍ မုရစ်ကလေးကျေးရွာတွင် အိမ်ငှားနေရခြင်း၊ သူနာပြုဆရာမများ၏ နေအိမ်သည်လည်း အခန်းကျဉ်းတစ်ခန်းတွင် နှစ်ယောက်တွဲနေထိုင်ကြရပါသဖြင့် ဝန်ထမ်းများ၏ နေထိုင်ရေးတွင် အဆင်ပြေမှုမရှိသေးပါကြောင်း သုံးသပ်ရပါသည်။ ဝန်ထမ်းများ၏နေထိုင်မှုအဆင်ပြေပြီဆိုပါက လူမမာများ၏ကျန်းမာရေးကို အချိန်ပြည့်၊ ရာနှုန်းပြည့် နွေးထွေးစွာပြုစုစောင့်ရှောက်ကုသပေးနိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုပါသည်။

သို့ဖြစ်ပါ၍ တတိယမေးခွန်းအဖြစ် မေးလိုသည့်မေးခွန်းမှာ မြေဧရိယာ ၂.၇၈ ဧက ကျယ်ဝန်းစွာရှိနေသော မုရစ်ကလေးတိုက်နယ်ဆေးရုံဝင်းအတွင်း ဆရာဝန်နေထိုင်ရန်လုံးချင်းအိမ် တစ်လုံးနှင့် အခြားအဆင့်ဝန်ထမ်းများ နေထိုင်ရန် ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်လုံးအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်၏ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားခွင့်ပြုပါ။ (၁) မေးခွန်းဖြစ်တဲ့ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးတိုက်နယ်ဆေးရုံအား လက်ရှိကျွန်တော်တို့ စံကိုက်ဖွဲ့စည်းပုံကနေ ၁၉ ဦးရရှိရေးအတွက်ကို တင်ပြထားတဲ့အတွက် လောလောဆယ် မုရစ်ကလေးတိုက်နယ်ဆေးရုံအား ၁၆ ခုတင်ဆံ့မှ ၂၅ ခုတင်ဆံ့သို့ တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးတိုက်နယ်ဆေးရုံမှာ ဓာတ်ခွဲ ကျွမ်းကျင်-၄ ခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦးရှိနေတဲ့အတွက် လစ်လပ်မှုမရှိပါ။ ၎င်းခန့်ထားတစ်ဦးအား ဒေသခံသင်တန်းအောင်မြင်ပြီးသူဖြစ်တဲ့ မောင်ကျော်စွာရှိန်းအား ခန့်ထားပြီးဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ မုရစ်ကလေးတိုက်နယ်ဆေးရုံမှာ အထက်တန်းသူနာပြုခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦးရှိပြီး သူနာပြုခွင့်ပြုလေးဦးနဲ့ ခန့်ထားတစ်ဦးသာရှိတဲ့အတွက် သုံးဦးလစ်လပ်လျက်ရှိပါတယ်။ ၎င်းသုံးဦးကိုလည်း ဖေဖော်ဝါရီလအတွင်းက ဒေါ်မိခိုင်သဇင်နဲ့ ဒေါ်သင်းစန္ဒာထွန်းတို့နှစ်ဦးအား ပြောင်းရွှေ့ခန့်ထားပြီးဖြစ်တဲ့အတွက် လစ်လပ်တစ်ဦးသာရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆေးထည့်လုပ်သားနှစ်ဦး၊ အထွေထွေလုပ်သားနှစ်ဦးနှင့် လုံခြုံရေးလုပ်သားတစ်ဦး စုစုပေါင်း အငယ်တန်းနေရာ ငါးနေရာအတွက်တော့ လာမယ့် ၁-၄-၂၀၁၅ မှာ ခန့်ထားနိုင်ရေးအတွက် ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသွားတဲ့ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် လက်ထောက်ဆရာဝန်အတွက် လုံးချင်းအိမ်ရာဆောက်လုပ်ရေးကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ပါဝင်ခြင်းမရှိတဲ့အတွက် ဆောက်လုပ်ပေးနိုင်ခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေး တင်ပြခြင်းနှင့်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ၂၇-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ် များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ အစီရင် ခံစာတင်ပြရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျာ။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်၌ ၁၉-၂-၂၀၁၅ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၂၅-၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မသန်စွမ်းသူအားလုံး၏ လူနေမှုဘဝလုံခြုံစိတ်ချ ရမှုရှိပြီး နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရေး၊ နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို တန်းတူညီမျှမှု ရှိစေ ရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှု စောင့်ရှောက်နိုင်ရန်၊ ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်း

ချက်များကိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ၇-၁၂-၂၀၁၁ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်ခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်အား လိုက်နာအကောင်အထည်ဖော်ရန် မသန်စွမ်းသူများ၏ လူနေမှုဘဝမြင့်မား ရန်နှင့်အခွင့်အရေးများတန်းတူရရှိရန် ရည်ရွယ်၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၃-၂၀၁၅ ရက်နေ့တွင် လူမှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ် များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာ စိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၇)ခန်းနှင့် အပိုဒ်ပေါင်း (၉၃)ခုပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၄၈)ချက်ကို သဘော တူလက်ခံပါသည်။

(ဂ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(င)ရှိ လူမှုရေးစကားရပ်၏နောက်တွင် ပညာရေး၊ ကျန်းမာ ရေးစကားရပ်ကို ဖြည့်စွက်သဖြင့် ဤဥပဒေတွင်ပါရှိသော လူမှုရေးစကားရပ်ကို လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဟု အသီးသီးပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ရှိ ပုဂ္ဂလိကပညာသင်ကျောင်းစကားရပ်ကို ပုဂ္ဂလိကပညာသင် အထူးကျောင်းဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော ပုဂ္ဂလိကပညာသင် ကျောင်းစကားရပ်ကို ပုဂ္ဂလိကပညာသင်အထူးကျောင်းဟု အသီးသီးပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ရှိ ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်း စကားရပ်ကို ပုဂ္ဂလိက အသက်မွေးမှုအထူးသင်တန်းကျောင်းဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင် ပါရှိသော ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်းစကားရပ်ကို ပုဂ္ဂလိက အသက်မွေးမှု အထူး သင်တန်းကျောင်းဟု အသီးသီးပြင်ဆင်ပါသည်။

**မူကြမ်း**

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနစကားရပ်ကို ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟု ပြင်ဆင်ပါသည်။

(ဆ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)ရှိ ကြည့်ရှုစောင့်ရှောက်စကားရပ်ကို စောင့်ရှောက်ဟုပြင်ဆင်ပါသည်။

(ဇ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ကို အောက်ပါအတိုင်း ဖြည့်စွက်ပါသည် -

(၁) ဒုတိယသမ္မတတစ်ဦး ဥက္ကဋ္ဌ

(ဈ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ်ခွဲငယ်(၃)တို့ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ(၁)

(၂) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ(၂)

(၃) ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အဖွဲ့ဝင်

(ည) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ရှိ လေ့လာဆန်းစစ်ခြင်း စကားရပ်ကို စောင့်ကြည့်လေ့လာကြီးကြပ်ခြင်းဟု ပြင်ဆင်ပါသည်။

(ဋ) အခန်း(၄) အပိုဒ် ၁၀ ရှိ ပြုလုပ်မှုများကိုတားမြစ်သည် စကားရပ်ကို အပြုအမူနှင့် လုပ်ဆောင်မှုများကိုတားမြစ်သည်ဟုပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၁၃ ကို အမျိုးသားကော်မတီသည် အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် အစီအမံများချမှတ်၍ ကာကွယ်စောင့်ရှောက်ရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဍ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)ရှိ ဝန်ကြီးဌာန စကားရပ်ကို အမျိုးသားကော်မတီဟု လည်းကောင်း၊ ပြည်ထောင်စုအစိုးရဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(ဎ) အခန်း(၅) အပိုဒ် ၂၂ ရှိ ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ စကားရပ် ကို အမျိုးသားကော်မတီဟုပြင်ဆင်ပြီး၊ ဆောင်ရွက်ရမည် စကားရပ်ကိုပညာရေး ဝန်ကြီးဌာနသို့ ညွှန်ကြားရမည်ဟုပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၂၇ ရှိ ပေါင်းစပ်ညှိနှိုင်းချက်အရ စကားရပ်ကို လမ်းညွှန်ချက်နှင့်အညီ အောက်ပါလုပ်ငန်းများကိုဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၃၄ ကိုအဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

(ထ) အပိုဒ် ၃၅ ရှိ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးစကားရပ်ကို ပယ်ဖျက်ပြီး၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ရှိ မသန်စွမ်းသူများ စကားရပ်၏ရှေ့တွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးစကားရပ်ကို ဖြည့်စွက် ပါသည်။

(ဒ) အခန်း(၁၁) အပိုဒ် ၄၁ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

(ဓ) အခန်း(၁၂) အပိုဒ် ၅၃ အပိုဒ်ခွဲ(က) နှင့် အပိုဒ် ၆၀ ရှိရက်ပေါင်း ၆၀ အတွင်း စကားရပ်ကို ရက်ပေါင်း ၆၀ ကြိုတင်၍ဟု ပြင်ဆင်ပါသည်။

(န) အခန်း(၁၅) အပိုဒ် ၇၁ ရှိ ဘဏ္ဍာရေးရှင်းတမ်းစကားရပ်ကို ဘဏ္ဍာရေးရှင်းတမ်း နှင့်ဟု ပြင်ဆင်ပါသည်။

(ပ) အခန်း(၁၇) အပိုဒ် ၉၁ ရှိ ရန်ပုံငွေ၊ ပရဟိတအဖွဲ့အစည်းများနှင့် မသန်စွမ်းသူအသင်း အဖွဲ့များသို့ စကားရပ်ကို ရန်ပုံငွေအတွက်ဖြစ်စေ၊ မသန်စွမ်းသူနှင့် သက်ဆိုင်သည့် ပရဟိတအဖွဲ့များနှင့် မသန်စွမ်းသူအသင်းအဖွဲ့များသို့ ဖြစ်စေဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၉၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) ကိုအောက်ပါအတိုင်းပြင်ဆင်ပါသည် -

၉၂(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေကြမ်းအားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁-၄-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၄) ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၂း၄၅ ။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

မူကြမ်း